# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 15 , 2022 Volume 57, Number 11


| ၁၅.၈.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၁၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၃၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၅.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဩဂုတ်လဒုတိယပတ် မန္တလေးကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးနှုန်းဈေးကွက်အခြေအနေ

ကုလားပဲထွက်ချိန်လိုနေသေး၍ မန္တလေးကုန်စည်ဒိုင်သို့ ကုလားပဲအဝင်မရှိပဲ လက်ကျန်ပဲများကိုသာ ရောင်းဝယ်နေပြီးဈေးမြင့်လာသည်။ ပြည်ပတင်ပို့မှုမရှိပဲ ပြည်တွင်းလုပ်ငန်းသုံးနှင့် ပဲခွဲစက်များမှ ဝယ်ယူမှုရှိကြောင်းသိရသည်။

**ကုလားပဲ (V-2)** ၅၇.၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်၁၇၃၀၀၀မှ ၁၇၄၀၀၀၊ ယခင်တစ်ပတ် ကျပ်၁၆၁၀၀၀မှ ၁၆၂၀၀၀၊ ယခင်လကျပ် ၁၅၄၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၂၀၀၀၊ ယခင်လထက်ကျပ် ၁၉၀၀၀မှ ၂၀၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ(V-7)** ၅၇.၂၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၇၇၀၀၀မှ ၁၇၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၆၄၀၀၀၊ ယခင်လ ကျပ် ၁၅၇၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၃၀၀၀မှ ၁၄၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀၀မှ ၂၁၀၀၀ ဈေးမြင့်လာသည်။

**ကုလားပဲ(ထိုင်ဝမ်)** ၅၆.၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၅၅၀၀၀၊ ယခင်လကျပ် ၁၄၅၀၀၀မှ ၁၄၇၀၀၀၊ ယခင်လကျပ် ၁၃၉၀၀၀မှ ၁၄၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၈၀၀၀မှ ၁၀၀၀၀၊ ယခင်လထက် ကျပ် ၁၅၀၀၀မှ ၁၆၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ(929)** ၅၆.၂၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၆၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၅၀၀၀၀မှ ၁၅၂၀၀၀၊ ယခင်လ ကျပ် ၁၄၆၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀မှ ၁၂၀၀၀၊ ယခင်လထက်ကျပ် ၁၆၀၀၀ မြင့်တက်လာသည်။

**ပဲတီစိမ်း(အညာ)** ကို တရုတ်ဈေးကွက် အဝယ်အေး၍ ဈေးနိမ့်ကျလာသည်။ ၅၆.၂၅ပိဿာဝင်သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်၁၂၅၀၀၀မှ ၁၄၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၂၀၀၀၀မှ ၁၃၅၀၀၀၊ ယခင်လ ကျပ် ၁၁၅၀၀၀မှ ၁၄၅၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀မှ ၁၀၀၀၀ ဈေးမြင့်တက်ပြီး၊ ယခင်လထက် အနိမ့်စ ကျပ် ၁၀၀၀၀ မြင့်တက်လာပြီး အမြင့်စ ဈေးငြိမ်နေသည်။

**မြေထောက်ပဲ**မှာ လက်ကျန်နည်းနေပြီးလှောင်လက်ပဲကိုသာ ပုံမှန်အရောင်းအဝယ်ရှိနေသည်။ ယူနန်ပြည်နယ်မှ အနည်းငယ်ဝယ်ယူမှုရှိကြောင်းသိရသည်။ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၉၀၀၀၀မှ ၂၁၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၀၀၀၀မှ ၁၉၀၀၀၀၊ ယခင်လ ကျပ်၁၇၅၀၀၀မှ ၁၈၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၀ ၊ ယခင်လထက် ကျပ် ၁၅၀၀၀မှ

၂၅၀၀၀ မြင့်တက်လာသည်။

**မတ်ပဲ**မှာ သီးနှံအသစ်ဝင်ရောက်မှုမရှိပဲ လှောင်လက်ပဲများသာ အရောင်းအဝယ်ဖြစ်နေသည်။ ၆၀ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၀၀၀၀မှ ၁၈၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၆၂၀၀၀မှ ၁၆၅၀၀၀၊ ယခင်လ ကျပ် ၁၅၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၈၀၀၀မှ ၂၀၀၀၀၊ ယခင်လထက်ကျပ် ၂၅၀၀၀မှ ၃၀၀၀၀ မြင့်တက်လာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုဟိုင်ဌာန

## မကွေးတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံဈေးအနည်းငယ်စီတက်သော်လည်း မြေပဲဆံဈေးမှာ သိသိသာသာတက်

မကွေးတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံဈေးများ ဈေးအနည်းငယ်စီတက်နေသော်လည်း မြေပဲဆံဈေးမှာ ပြည်တွင်းမြေပဲဆီစားသုံးမှုများလာတဲ့အတွက် သိသိသာသာ စံချိန်တင်လောက်အောင် တက်နေတာကိုတွေ့ရပါတယ်။ ကုလားပဲအုပ်စုဝင်အားလုံးနီးပါး ဈေးတက်နေပြီး ကုလားပဲ(B2) အမျိုးအစားမှာ နယ်အဝယ်များတာကြောင့် အခြားကုလားပဲအုပ်စုဝင်များထက် ဈေးပိုတက်နေတာကို တွေ့ရပါတယ်။ ပို့ကုန်ပဲများဖြစ်တဲ့ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံတို့မှာ ပြည်တွင်းလက်ကျန်နည်းနေချိန်တွင် ပို့ကုန်သမားများမှ အဝယ်ရှိနေတဲ့အတွက် ဈေးအနည်းငယ်မြင့်တက်နေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန်(၂)သိန်းခွဲနှင့် ပဲစဉ်းငုံ တန်ချိန်(၁)သိန်းကို (၅)နှစ်ဆက်တိုက် အိန္ဒိယမှနှစ်စဉ် ဝယ်ယူသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားတဲ့အတွက် ပဲဈေးကွက်ပုံမှန်မဟုတ်ဘဲ ဈေးအတက်အကျမငြိမ်သော်လည်း အရောင်းအဝယ်ကောင်းနေတဲ့အပြင် ပို့ကုန်ပေါက်ဈေးများလည်း လိုက်ပါမြင့်တက်နေတယ်လို့ သိရပါတယ်။ အချို့ပဲအမျိုးအစားများမှာ ပုံမှန်သာအရောင်းအဝယ်ရှိပြီး ဈေးငြိမ်နေတာကို တွေ့ရပါတယ်။

မြေပဲဆံဈေးအနေဖြင့် မြေပဲဆံ(၁)ပိဿာလျှင် ယခင်တစ်ပတ်(၃.၈.၂၀၂၂)ရက်နေ့တွင် (၆၀၀၀) ကျပ်ဈေး၊ ယခုတစ်ပတ်(၁၀.၈.၂၀၂၂)ရက်နေ့တွင် (၆၂၅၀)ကျပ်ဈေးဖြစ်တဲ့အတွက် (၂၅၀)ကျပ်၊ ကုလားပဲ (B2)(၁၉)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်(၃.၈.၂၀၂၂)ရက်နေ့တွင် (၅၃၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၁၀.၈.၂၀၂၂)ရက်နေ့တွင် (၅၃၅၀၀)ကျပ်ဈေးဖြစ်တဲ့အတွက် (၅၀၀)ကျပ်၊ ကုလားပဲ(929) (၁၉)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ် (၃.၈.၂၀၂၂)ရက်နေ့တွင် (၅၀၂၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၁၀.၈.၂၀၂၂)ရက် နေ့တွင် (၅၄၀၀၀)ကျပ်ဈေးဖြစ်တဲ့အတွက် (၃၈၀၀)ကျပ်၊ ကုလားပဲ(HL) (၁၉)ပိဿာ(၁)တင်းလျှင် ယခင် တစ်ပတ်(၃.၈.၂၀၂၂)ရက်နေ့တွင် (၄၉၃၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၁၀.၈.၂၀၂၂)ရက်နေ့တွင် (၅၃၅၀၀) ကျပ်ဈေးဖြစ်တဲ့အတွက် (၄၂၀၀)ကျပ်၊ ကုလားပဲ(မြကြေး) (၁၉)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ် (၃.၈.၂၀၂၂)ရက်နေ့တွင် (၄၉၅၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၁၀.၈.၂၀၂၂)ရက်နေ့တွင် (၅၃၀၀၀)ကျပ်ဈေး ဖြစ်တဲ့အတွက် (၃၅၀၀)ကျပ်၊ ပဲတီစိမ်း (၁၉)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်(၃.၈.၂၀၂၂)ရက်နေ့တွင် (၄၃၅၀၀)ကျပ်ဈေး၊ ယခုတစ်ပတ်(၁၀.၈.၂၀၂၂)ရက်နေ့တွင် (၄၄၅၀၀)ကျပ် ဈေးဖြစ်တဲ့အတွက် (၁၀၀၀) ကျပ်၊ ပဲစဉ်းငုံ(နီ) (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ် (၃.၈.၂၀၂၂)ရက်နေ့တွင် (၅၀၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၁၀.၈.၂၀၂၂)ရက်နေ့တွင် (၅၉၅၀၀)ကျပ်ဈေးဖြစ်တဲ့အတွက် (၉၅၀၀)ကျပ်၊ မတ်ပဲ(၂၀) ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်(၃.၈.၂၀၂၂)ရက်နေ့တွင် (၅၂၀၀၀)ကျပ်ဈေး၊ ယခုတစ်ပတ် (၁၀.၈.၂၀၂၂)ရက်နေ့တွင် (၅၈၅၀၀)ကျပ်ဈေးဖြစ်တဲ့အတွက် (၆၅၀၀)ကျပ်ဖြင့် ဈေးအသီးသီးတက်ခဲ့ပြီး မြေပဲဆံဈေးမှာ ယခင်တစ်ပတ်တွင် (၁)ပိဿာလျှင် (၅၀)ကျပ်မှ (၁၀၀)ကျပ်သာ တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင် (၂၅၀)ကျပ်အထိ သိသိသာသာ ဈေးတက်လာတာကို တွေ့ရပါတယ်။

Source: ဖန်ခါးမြေကုန်သွယ်မှုဇုဟိုင်ဌာန

## မကွေးကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း ပဲထောပတ်ဈေးကျကာ ကျန်ပဲမျိုးစုံဈေး သိသိသာသာ မြင့်တက်

မကွေးတိုင်းဒေသကြီး၊ မကွေးကုန်စည်ဒိုင်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျှက်ရှိရာ တစ်ပတ်အတွင်း ကာလတူ (၃.၈.၂၀၂၂)ရက်နေ့ ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲထောပတ်ဈေးကျကာ ကျန်ပဲမျိုးစုံ သိသိသာသာဈေး မြင့်တက်ခဲ့ပါသည်။ ပဲထောပတ်(၁၉)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၄၅၅၀၀) ကျပ်၊ ယခုတစ်ပတ် (၄၄၅၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၀၀၀)ကျပ် ဈေးကျကာ ပဲတီစိမ်း (၁၉)ပိဿာ (၁) တင်းလျှင် ယခင်တစ်ပတ်တွင်(၄၃၅၀၀)ကျပ်၊ ယခုတစ်ပတ် (၄၄၅၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၀၀၀)ကျပ်၊ ကုလားပဲ(V2) (၁၉)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၃၀၀၀)ကျပ်၊ ယခုတစ်ပတ် (၅၃၅၀၀) ကျပ်ဈေးဖြစ်သည့်အတွက် (၅၀၀)ကျပ်၊ ကုလားပဲ(မြကြေး) (၁၉)ပိဿာ (၁)တင်း

လျှင် ယခင်တစ်ပတ်တွင် (၄၉၅၀၀)ကျပ်၊ ယခုတစ်ပတ်(၅၃၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၃၅၀၀)ကျပ်၊ ကုလားပဲ (929)(၁၉) ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင် (၅၀၂၀၀)ကျပ်၊ ယခုတစ်ပတ် (၅၄၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၃၈၀၀)ကျပ်၊ ကုလားပဲ(HL) (၁၉)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၄၉၃၀၀)ကျပ်၊ ယခုတစ်ပတ် (၅၃၅၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၄၂၀၀)ကျပ်၊ ကုလားပဲ(သေး) (၁၉)ပိဿာ(၁)တင်းလျှင် ယခင် တစ်ပတ်တွင် (၄၈၀၀၀)ကျပ်၊ ယနေ့ (၅၀၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၂၀၀၀)ကျပ်၊ ပဲကြီးဖြူ (၁၉)ပိဿာ (၁)တင်းလျှင် ယခင် တစ်ပတ်တွင်(၇၀၀၀၀)ကျပ်၊ ယခုတစ်ပတ် (၇၁၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၁၀၀၀)ကျပ်၊ ပဲစဉ်းငုံးနီ(သစ်) (၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၅၀၀၀၀)ကျပ်၊ ယနေ့ (၅၉၅၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၉၅၀၀)ကျပ်၊ မတ်ပဲ(၂၀)ပိဿာ(၁)တင်းလျှင် ယခင် တစ်ပတ်တွင် (၅၂၀၀၀)ကျပ်၊ ယနေ့ (၅၈၅၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၆၅၀၀)ကျပ်၊ စားတော်ပဲ(၂၀)ပိဿာ(၁)တင်း လျှင် ယခင်တစ်ပတ်တွင် (၁၀၅၀၀၀)ကျပ်၊ ယနေ့ (၁၁၀၀၀၀)ကျပ် ဈေးဖြစ်သည့်အတွက် (၅၀၀၀)ကျပ်၊ အသီးသီးဈေးသိသိသာသာမြင့်တက်ခဲ့ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## အောင်လံကုန်စည်ဒိုင်တွင်တစ်ပတ်အတွင်းနှမ်းဖြူ၊ နှမ်းနီဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်းကာလတူ (၃.၈.၂၀၂၂) ရက်နေ့ ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းဖြူ၊ နှမ်းနီများ ဈေးသိသိသာသာ မြင့်တက်လျှက်ရှိကြောင်း သိရှိရပါသည်။ ဩဂုတ်လဆန်းပိုင်းမှစတင်၍ ဒေသအသီးသီးမှ နှမ်းများစတင်ထွက်ရှိလာပြီး ဈေးနှုန်းများတက်လာသဖြင့် တောင်သူများအဆင်ပြေလျှက် ရှိကြောင်း၊ နှမ်းဖြူ ၄၅ပိဿာ (၁) အိတ်လျှင် ယခင်တစ်ပတ်တွင် (၁၈၀၀၀၀)ကျပ်၊ ယခုတစ်ပတ်(၁၉၅၀၀၀) ကျပ်ဈေးဖြစ်သည့် အတွက် (၁၅၀၀၀)ကျပ် ၊ နှမ်းနီ(၄၅)ပိဿာ (၁)အိတ်လျှင် ယခင်တစ်ပတ်တွင်(၁၈၀၀၀၀)ကျပ် ယနေ့(၁၉၅၀၀၀ )ကျပ် ဈေးဖြစ်သည့် အတွက် (၁၅၀၀၀)ကျပ်တို့ အသီးသီးဈေးတက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## မူဆယ်၌ စက်သုံးဆီပြတ်လပ်ဟုဆို ကုန်စည်စီးဆင်းမှုများ ခက်ခဲနေ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း၌ စက်သုံးဆီပြတ်လပ်နေ၍ အခက်အခဲဖြစ်ပေါ်လျက်ရှိပြီး ကုန်စည်စီးဆင်းမှုများ ခက်ခဲနေကြောင်း ဒေသတွင်းသတင်းများအရ သိရသည်။

မူဆယ်မြို့နယ်အတွင်းရှိ မိုင်းယု ၁၀၅မိုင်ကျေးရွာအုပ်စုနှင့် မော့ဒေါင်းကျေးရွာကြားရှိ ပြည်ထောင်စုလမ်းမကြီး ဘေးတွင် စက်သုံးဆီအရောင်းဆိုင် ၂၂ ဆိုင်ရှိရာ လက်ရှိအချိန်၌ ဆီဈေးမငြိမ်သက်သဖြင့် ဆီဆိုင်အချို့ပိတ်ထားပြီး အချို့ဆီဆိုင်များမှာလည်း ဆိုင်ကယ်များအား အနည်းအကျဉ်းသာ ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

စက်သုံးဆီလုံးဝရောင်းချပေးခြင်းမရှိသည့် ဆိုင်များလည်းရှိနေသဖြင့် ဒေသအတွင်းပြေးဆွဲပေးလျက် ရှိသည့်ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ခရီးသွားယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်ပေးနေသည့် ယာဉ်များမှာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ အလားတူ လားရှိုး၊ မူဆယ်၊ မန္တလေးသို့ ပြေးဆွဲပေးနေသည့် ကုန်တင်ယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်အချို့မှာလည်း စက်သုံးဆီ ဝယ်ယူ၍မရသဖြင့် လမ်းဘေးတွင် ခေတ္တရပ်ထားရသည့်အခြေအနေများရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် 92 Ron တစ်လီတာလျှင် ကျပ် ၂၃၂၀၊ 95 Ron တစ်လီတာလျှင် ကျပ်၂၃၉၀၊ HSD (500 ppm) တစ်လီတာလျှင်၂၆၅၅ ကျပ်၊ HSD (50 ppm) နှင့် HSD (10 ppm)တစ်လီတာလျှင် ကျပ် ၂၇၃၀ စီ သတ်မှတ်ထားကြောင်း စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်သည့်ရည်ညွှန်းလက်လီဈေးနှုန်းများအရသိရသည်။

**Source:** http://sdtimedaily.com/

## ကုန်သွယ်ရေးဦးစီးဌာန
## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (ယာယီ)
## အများဆုံးတင်ပို့သော ပို့ကုန် (၁၀) မျိုးစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်)

တန်ဖိုး – ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ကုန်ပစ္စည်းအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၁၀၂၄၃၂၁၆၂ | ၆၄၃.၂၀၁ |
| ၂ | သဘာဝဓါတ်ငွေ့ | MMBTU | ၂၈၇၈၂၅၇၆ | ၂၉၉.၃၄၁ |
| ၃ | ဆန်၊ ဆန်ကွဲ | တန် | ၉၇၅၆၃ | ၃၆.၃၁၄ |
| ၄ | ငါး | တန် | ၂၄၅၆၂ | ၂၈.၆၇၂ |
| ၅ | မတ်ပဲ | တန် | ၃၀၂၂၃ | ၂၆.၀၇၁ |
| ၆ | ပဲတီစိမ်း | တန် | ၃၀၃၄၅ | ၂၄.၄၇၇ |
| ၇ | ပြောင်း | တန် | ၆၀၁၄၀ | ၂၀.၈၂၅ |
| ၈ | ရာဘာစိမ်း | တန် | ၁၃၀၉၃ | ၁၈.၈၇၃ |
| ၉ | နှမ်း | တန် | ၁၀၁၀၄ | ၁၂.၉၄၂ |
| ၁၀ | သတ္တုနှင့်သတ္တုရိုင်းများ | တန် | ၁၃၉၅၄ | ၈.၁၃၄ |

Source: ကုန်သွယ်ရေးဦးစီးဌာန

## ကုန်သွယ်ရေးဦးစီးဌာန
## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (ယာယီ)
## အများဆုံးတင်သွင်းသော သွင်းကုန် (၁၀) မျိုးစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်)

တန်ဖိုး – ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်းအမျိုးအမည် | တန်ဖိုး |
|---|---|---|
| ၁ | ရေနံထွက်ပစ္စည်းများ | ၄၃၉.၂၁၁ |
| ၂ | ချည်ထည်များ | ၁၁၉.၀၄၇ |
| ၃ | စားအုန်းဆီ | ၆၇.၉၆၄ |
| ၄ | ဓါတ်မြေသြဇာများ | ၆၀.၈၈၃ |
| ၅ | ပလပ်စတစ်ကုန်ကြမ်းပစ္စည်း | ၄၉.၆၀၉ |
| ၆ | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | ၄၃.၈၇၁ |
| ၇ | စက်နှင့်စက်ပစ္စည်းများ | ၃၉.၆၅၉ |
| ၈ | ဓါတုဗေဒပစ္စည်းများ | ၃၈.၅၅၂ |
| ၉ | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | ၃၃.၆၅၂ |
| ၁၀ | ဆေးဝါးပစ္စည်းများ | ၂၈.၇၈၁ |

Source: ကုန်သွယ်ရေးဦးစီးဌာန

## ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၃၀-၇-၂၀၂၂) မှ (၅-၈-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် အုန်းသီးခြောက်၊ ဂျင်း (အစို)၊ တံမျက်စည်း၊ ငါးမြစ်ချင်း၊ ဇီးဖတ်နှင့် မန်ကျည်းစေ့ တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၆၁၀ ဒသမ ၂၀ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်းအရေအတွက် ၇ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်း အရေအတွက် ၅၆ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းအရေအတွက် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်းတင်ပို့နိုင်မှု ငွေပမာဏမှာ ၈၇၂၅ ဒသမ ၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## မန္တလေးပွဲဈေးကွက်ထဲတွင် ပဲကုန်လက်ကျန်နဲသော သီးနှံများ ငွေဈေးအပြောင်းအလဲများကြောင့် ဈေးမြင့်မားနေပြီး နှစ်ရက်အတွင်း ပဲဈေးတစ်အိတ်ကို ကျပ် ၁၀၀၀၀ကျော် ဈေးတက်နေ

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် ပဲကုန်လက်ကျန်နဲသော သီးနှံများ ငွေဈေးအပြောင်းအလဲများကြောင့် ဈေးမြင့်မားနေပြီး နှစ်ရက်အတွင်း ပဲဈေးတစ်အိတ်ကို ကျပ် ၁၀၀၀၀ ကျော် ဈေးတက်နေသည်ဟု မန္တလေးမြို့ ပဲကုန်သည်များထံကသိရပါသည်။ "ကုလားပဲက ကုန်လက်ကျန်နဲတာနဲ့ ကုန်ပြတ်မှာ စိုးရိမ်ပြီး ဈေးမြင့်လာတယ်၊ မြန်မာငွေတန်ဘိုးကျတော့ ပိုဆိုးတာပေါ့၊ အဓိကက ကျပ်ငွေတန်ဘိုးကျပြီး လက်ကျန်နဲလို့ ဈေးတက်တယ်၊ ငုံအနီနဲ့မတ်ပဲကတော့ FOB သဘော်တင်ဈေး အပြောင်းအလဲနည်းသော်လဲ ကျပ်ငွေတန်ဘိုး ကျတော့ ပြည်တွင်းဈေး တောက်လျှောက်တက်တယ်၊ ငွေဈေးအပြောင်းအလဲများနေတော့ လောင်လက်တ ရောင်းဘို့ စဉ်းစားနေပုံရတယ် ၊ မြေပဲဆန်ဈေး ကောင်းတုန်းဘဲ ပစ္စည်းမပေါ်ဘူး။ နှမ်းဈေးတက်တယ် ခြုံပြောရရင် ကျပ်ငွေတန်ဘိုးကျလို့ သီးနှံမျိုးစုံ ဈေးမြင့်နေတယ် ပဲဈေးကွက်မှာ ပဲကုန်လက်ကျန်နဲသောသီးနှံများ ငွေဈေးအပြောင်းအလဲများလို့ ဈေးမြင့်တယ်ဘဲ ပြောရမယ် " မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်း ပွဲရုံ)က ယနေ့ ပဲဈေးတွေတက်ကြတယ် V2 ကုလားပဲ ၁၉၀၀၀၀ဈေး၊ ၉၂၉ ကုလားပဲ ၁၈၀၀၀၀ဈေး ၊ ထိုင်ဝမ်ကုလားပဲ ၁၇၂၀၀၀ဈေးဖြစ်သွားတယ်၊ နှမ်းဈေးလည်းတက်တယ်၊ နှမ်းထိပ်စဈေး ၂၈၅၀၀၀ ဈေးအထိ ဖြစ်သွားတယ်၊ ပဲတီစိမ်းဈေး ၁၅၀၀၀၀ဈေးရှိတယ်၊ နှစ်ရက်အတွင်း ကျပ် ၁၀၀၀၀ ကျော် အသာလေးဈေးတက်သွားတယ် အခုချိန်က ပဲကုန်သည်တွေက ကိုယ့်ပစ္စည်းမရောင်းရလေ ကြိုက်လေပေါ့ အဲသလိုဖြစ်နေတယ်လို့ ပြောကြားသည်။

မန္တလေး ကုန်စည်ဒိုင်သို့ ဧရာဝတီမြစ် အညာမြစ်ရိုးတစ်လျှောက်မှ ပြောင်းဖူးစေ့အသစ်များ အများကြီးဝင်ရောက် နေကြောင်း၊ မကြာမီ တစ်ခြားနယ်များမှလည်း လှိုင်လှိုင်ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း၊ ကုလားပဲအုပ်စုဝင် ပဲများ အသစ်ပေါ်ချိန်လိုသေးကြောင်း၊ လက်ကျန်ပစ္စည်းနည်းနေကြောင်း၊ ကုလားပဲဈေးမြင့်တက်နေကြောင်း၊ နှမ်းဖြူ နှမ်းညိုဈေး မှာလည်း ပြည်တွင်းလုပ်ငန်းသုံးသမားများဝယ်ယူမှုကြောင့် ဈေးနှုန်းမြင့်တက်နေကြောင်း သိရသည်။

**Source:** https://news-eleven.com/article/235711

## ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပြည်ပမှ လွယ်ကူစွာတင်သွင်းနိုင်ရန် တင်ပြထား

ပြည်တွင်း၌ ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ပြည်ပမှ လွယ်ကူစွာတင်သွင်းနိုင်ရန် သက်ဆိုင်ရာသို့ တင်ပြထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းလှိုင်၏ ပြောကြားချက်အရ သိရသည်။ ပြည်ပသို့ စပါယ်ရှယ်ကော်ဖီနှင့် ကော်မာရှယ်ကော်ဖီများ တင်ပို့လေ့ရှိရာ စပါယ်ရှယ်ကော်ဖီများ ထုတ်လုပ်ရာတွင် ထုတ်လုပ်မှု

လုပ်ငန်း အဆင့်ဆင့်၌ အသုံးပြုရသည့်ပစ္စည်းများကို ပြည်ပနိုင်ငံများမှ တင်သွင်းရခြင်းဖြစ်ကြောင်းသိရသည်။

“ကော်ဖီတင်တဲ့ ဂုန်နီအိတ်ကအစ ပြည်ပက တင်သွင်းရတာပါ။ ကော်ဖီထုတ်လုပ်တဲ့အခါ အသုံးပြုရတဲ့ ပါဝင်ပစ္စည်းတွေ အကုန်လုံးကို တင်သွင်းရတာပါ။ အဲဒါတွေတင်သွင်းဖို့ ငွေကြေးအခက်အခဲရှိလို့ ရုရှားနဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ သက်ဆိုင်ရာကိုတင်ပြခဲ့တာပါ” ဟု ဦးမင်းလှိုင်ကပြောသည်။

ကော်ဖီစိုက်ပျိုးသူများ ကော်ဖီတိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် စက်ပစ္စည်းများ တိုးမြှင့်တပ်ဆင်နိုင်ရန်လည်း အခက်အခဲရှိနေကြောင်း၊ ထို့ပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့သူများသည် ရရှိလာသည့်နိုင်ငံခြားငွေဖြင့် ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ပြန်လည်တင်သွင်းရသည့်အတွက် အခက်အခဲရှိကြောင်းသိရသည်။

လက်ရှိတွင် ပို့ကုန်တင်ပို့ရာမှ ရရှိသည့် ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအား မြန်မာကျပ်ငွေဖြင့်လဲလှယ်ရပြီး ကျန် ၃၅ ရာခိုင်နှုန်းကို ပို့ကုန်တင်ပို့သူက သုံးစွဲလာသောကြောင့် ယခင်လများကထက် အဆင်ပြေလာနိုင်ကြောင်း သိရသည်။ ပြည်တွင်းမှ ကော်ဖီစေ့များကို ပြည်ပသို့တင်ပို့ရာတွင် ကော်ဖီရာသီသိမ်းသည့် ဧပြီနှင့်မေလနောက်ပိုင်းမှစ၍ နိုဝင်ဘာလအထိ တင်ပို့ရလေ့ရှိပြီး ယင်းကာလအတွင်း ကော်ဖီထုတ်လုပ်သည့်လုပ်ငန်းအဆင့်ဆင့်အား ဆောင်ရွက်ကြကြောင်း၊ မြန်မာ့ကော်ဖီကို ဆွစ်ဇာလန်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဒူဘိုင်း၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့်ဂျာမနီနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/eco

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ကျွန်းသစ်သား ဆင်သားအမိရုပ်တုတွဲများ ဝင်ရောက်လာပြီး ဝယ်ယူသူများပြားနေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ အလျား ကိုးလက်မ၊ အမြင့် ခြောက်လက်မ အရွယ်အစား ကျွန်းသစ်သား ဆင်သားအမိရုပ်တုတွဲများ ဝင်ရောက်လာပြီး ဝယ်ယူသူများပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်ကပြောပြ၍ သိရသည်။

အဆိုပါ ဆင်သားအမိ နှစ်ကောင်တွဲရုပ်တုတွဲများမှာ မန္တလေးတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ပြီး အရွယ်အစား တူညီသော်လည်း အနေအထားမတူညီဘဲ ဈေးနှုန်းသင့်တင့်သဖြင့် ဝယ်ယူအားပေးသူ များပြားနေကြောင်း သိရသည်။

“ဒီလဆန်းပိုင်းမှာ လက်ဆောင်ပစ္စည်းဈေးကွက်ထဲကို ပဲခူးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးကနေ ဆင်သားအမိနှစ်ကောင်တွဲရုပ်တုတွေ ဝင်လာတယ်။ ကျွန်းသား၊ ပိတောက်သားနဲ့ ထုလုပ်ထားပြီးတော့ ဒီဇိုင်းတော့မတူဘူး။ အရွယ်အစားကတော့အတူတူပဲ နှစ်မျိုးစလုံး ဝယ်ယူသူတွေများပါတယ်။ ဈေးနှုန်းကလဲ ငွေကျပ် နှစ်သောင်းခွဲပဲ ရှိတဲ့အတွက် အဝယ်များပါတယ်။ မန္တလေးဘက်ကဝင်လာတဲ့ ဆင်သားအမိရုပ်တုတွေကတော့ တစ်ကောင်ချင်းခွဲထုထားတယ်။ ပဲခူးဘက်ကဝင်လာတဲ့ ရုပ်တုတွေက နှစ်ကောင်တွဲထုလုပ်ထားတဲ့ပုံစံပါ” ဟု မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ အလျား ကိုးလက်မ၊ အမြင့်ခြောက်လက်မ အရွယ်အစား ကျွန်းသစ်သားဆင်သားအမိ ရုပ်တုတွဲများမှာ တစ်စုံလျှင် ငွေကျပ် ၂၅၀၀၀ ဖြစ်ပြီး ယခုရက်ပိုင်းအတွင်း အစုံ ၃၀ ခန့် ရောင်းချထားကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

# STOCK EXCHANGE (15.8.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Aug. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +0 | +0.00% | 7,000 | 7,000 | 6,900 | 722 | 5,033,100 | 33,109,694 | 231,768 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,400 | 868 | 2,111,600 | 38,929,150 | 95,376 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 59 | 407,100 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 1,273 | 22,914,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | -100 | -4.17% | 2,300 | 2,300 | 2,300 | 50 | 115,000 | 19,977,223 | 45,948 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

## Market summary

As of 15th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 328.80 | -1.14 | -0.35% | 329.94 | 329.94 | 325.77 | 2,972 | 30,580,800 | 7 | 571,979 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 15th Aug. 2022

| MYANPIX | 328.80 ▼ 1.14 |
|---|---|
| Total Volume (shares) | 2,972 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 571,979 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 0 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,300 | ▼ 100 |
| AMATA | 00007 | 5,000 | ▲ 0 |